အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]
Women's League of Burma

# “စစ်မှန်သောငြိမ်းချမ်းရေးရရှိဖို့ ၂၀၁၀ ရွေးကောက်ပွဲဆန့်ကျင်စို့”

## အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ ထုတ်ပြန်ကြေညာချက်

## အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ၊ ၂၁ ရက်

၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ အခါသမယပင်ဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အမှတ် ၅၅/၂၈၂ အရ စက်တင်ဘာလ ၂၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့အဖြစ် သတ်မှတ်ရန် ၂၀၀၁ ခုနှစ်တွင် ဆုံးဖြတ်ချက်ချခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမွဲတေမှုပပျောက်ရေး၊ တန်းတူညီမျှရေးတို့အတွက် ဦးစားပေးလုပ်ဆောင်ရန်ဟူသော မဟာရည်မှန်းချက်နှင့်အတူ ဤနေ့ထူးနေ့မြတ်ကြီးကို ဆုံးဖြတ်ချက်ချ သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

ထိုဦးတည်ချက်နှင့်အညီ တကမ္ဘာလုံးအတိုင်းအတာဆောင်သည့် ငြိမ်းချမ်းရေးမျိုးစေ့ဖြစ်သော အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ ကျရောက်တိုင်း ကမ္ဘာတဝန်းလုံးတွင် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံအစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးနေ့အထိမ်းအမှတ်လှုပ်ရှားမှုများကို နည်းမျိုးစုံဖြင့် ဆင်နွဲလျှက်ရှိကြပါသည်။ ထို့အပြင် ယခုကာလ၌ နိုင်ငံတကာ အဝန်းအဝိုင်းတွင် နိုင်ငံတခုချင်းစီ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့မှတဆင့် ဒေသတွင်းလုံခြုံရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဦးစားပေးပြောဆိုဆွေးနွေး လုပ်ဆောင်နေကြပြီဖြစ်သည်။

သို့သော် မိမိတို့ မြန်မာနိုင်ငံမှာမူ စစ်အာဏာရှင်အဆက်ဆက်၏ နည်းမျိုးစုံဖြင့် ဖိနှိပ်ချုပ်ချယ်မှုများကြောင့် ပြည်သူလူထုဘဝမှာ ပြည်တွင်းစစ်မီးဒါဏ်ကို ရာစုနှစ် တဝက်ကျော် ခါးစည်းခံနေရသည်မှာ ယနေ့တိုင်ဖြစ်ပြီး ယခုအချိန်တွင်လည်း နအဖစစ်အစိုးရ၏ တိုင်းရင်းသားဒေသများကို ပစ်မှတ်ထား၍ ပိုမိုထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်နေခြင်းကြောင့် အပြစ်မဲ့ပြည်သူလူထု ထောင်ပေါင်းများစွာသည် အိုးမဲ့အိမ်မဲ့ဖြစ်ကြရပြီး အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်၍ ဒုက္ခသည်များအဖြစ်ခိုလှုံနေကြရဆဲသည်။

အခြားတဖက်တွင် စစ်အာဏာရှင်အစိုးရအဆက်ဆက်၏ အုပ်ချုပ်မှုယန္တရားဆိုးများကြောင့် ပြည်သူလူထုတရပ်လုံးမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အခက်အခဲအကျပ်အတည်းမျိုးစုံနှင့် တနေ့တခြား ပိုမိုဆိုးရွားစွာ ရင်ဆိုင်ကြုံတွေ့နေကြရပေသည်။ သို့ဖြစ်ရာ ထောင်ပေါင်းများစွာသော ပြည်သူများမှာ အိမ်နီးချင်းနိုင်ငံများသို့ထွက်ခွာ၍ အသက်ဘေးအန္တရာယ်မျိုးစုံကြားထဲတွင် တရားမဝင် ရွှေ့ပြောင်းအလုပ်သမားများဘဝဖြင့် လုံခြုံမှုကင်းမဲ့စွာ နေထိုင်လုပ်ကိုင်နေကြရသည်မှာလည်း အလွန်စိုးရိမ်ဖွယ်ရာပင်ဖြစ်သည်။ ထို့အပြင် စစ်အာဏာရှင်တို့သည် လက်နက်အားကိုးဖြင့် အပြစ်မဲ့ပြည်သူများအပေါ် စဉ်ဆက်မပြတ် ပြစ်မှုကျူးလွန်နေသည်ကို မကြာသေးမီ စက်တင်ဘာလ ၅ ရက်နေ့က ပဲခူးမြို့တွင် နယ်မြေခံစစ်သားများမှ အပြစ်မဲ့လူငယ် ၂ ဦးအား သေနတ်ဖြင့် ရက်ရက်စက်စက် ပစ်သတ်သေဆုံးခဲ့သည့်ဖြစ်ရပ်က ခိုင်လုံသော အထောက်အထားများဖြင့် သက်သေပြလျှက်ရှိနေပေသည်။

သို့ဖြစ်ရာ အဖက်ဖက်တွင် ချွတ်ခြုံကျနေသော ပြည်သူလူထုဘဝမှာ ယနေ့တိုင် ငြိမ်းချမ်းရေးကင်းမဲ့နေသည့်အပြင် ငြိမ်းချမ်းရေးကို ဖေါ်ဆောင်ရန် ၂၀၀၁ ခုနှစ်က ချမှတ်ခဲ့သည့် ကုလသမဂ္ဂ၏ လုပ်ငန်းစီမံချက်၊ ဦးတည်ရည်မှန်းချက်များနှင့် များစွာအလှမ်းဝေးနေဆဲပင်ဖြစ်သည်။ ယခုအချိန်ကာလသည် နအဖစစ်အစိုးရအနေဖြင့် ပြည်သူလူထုတရပ်လုံး ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲ အကျပ်အတည်းမျိုးစုံကို အထူးသတိမူကာ တိုးတက်ပြောင်းလဲမှုရှိသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဖက်ကိုတက်လှမ်းရန် ကြိုးပမ်းသင့်သည့် အချိန်အခါကောင်းဖြစ်သည်ဟု မိမိတို့အဖွဲ့ချုပ်မှ သုံးသပ်ပါသည်။

သို့သော် ယနေ့တိုင် နအဖအစိုးရသည် ငြိမ်းချမ်းရေးကိုဦးတည်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလမ်းကြောင်းမှသွေဖီ၍ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဒီမိုကရေစီရေးနှင့် အမျိုးသားတန်းတူရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေကြသော နိုင်ငံရေးအင်အားစုများကို ပိုမိုဖိနှိပ်ချုပ်ချယ်နေခြင်း၊ ဖမ်းဆီးထားသော နိုင်ငံရေးအကျဉ်းသားများအား လွှတ်မပေးသည့်အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အပါအဝင် နိုင်ငံရေးပါတီ (၁၀) ခုကို တရားဝင်အသင်းများအဖြစ်မှ ဖျက်သိမ်းကြောင်း ကြေငြာခြင်း၊ တိုင်းပြည်ပိုမို မငြိမ်းချမ်းမှုဖြစ်စေမည့် လုပ်ရပ်များကို အကွက်ဆင်လုပ်ဆောင်နေခြင်းနှင့် ၎င်းတို့စိတ်ကြိုက်ရေးဆွဲထားသည့် ၂၀၀၈ ဖွဲ့စည်းပုံကို အသက်သွင်းမည့် ၂၀၁၀ ရွေးကောက်ပွဲကို လာမည့် နိုဝင်ဘာလ (၇)ရက်နေ့တွင် ကျင်းပမည်ဟုတရားဝင်ထုတ်ပြန်၍ မဖြစ်မနေ အကောင်အထည်ဖေါ်ရန် ကြိုးပမ်းနေခြင်းသည် မြန်မာနိုင်ငံပြည်သူများအတွက် အလွန်ကြောက်စရာကောင်းသော စိန်ခေါ်မှုကြီးတခုပင်ဖြစ်သည်။ ယင်းအပြင် နအဖစစ်အစိုးရသည် ၎င်းတို့အာဏာ တရားဝင်တည်မြဲရေးအတွက်သာ ပြင်ဆင်နေခြင်းဖြစ်သည်မှာ ကေန်အမှန်ဖြစ်သည်ကို ကန့်သတ်ချုပ်ချယ်မှုပါသော

ရွေးကောက်ပွဲဥပဒေများကို ချမှတ်ကာ ရွေးကောက်ပွဲဝင်မည့် ပါတီများကို လွတ်လပ်စွာစည်းရုံးခွင့် မရနိုင်အောင် ဟန့်တားချုပ်ချယ်မှုများ ပြုလုပ်နေခြင်းက သက်သေပြနေပေပြီ။ နအဖအလိုကျ အကောင်အထည်ဖေါ်မည့် ရွေးကောက်ပွဲမှတဆင့် ဒီမိုကရေစီအရေခြုံအစိုးရ အသက်ဝင်လာပါက ပြည်သူလူထုဘ၀ မှာ ပိုမိုဆိုးရွားသော အကျပ်အတည်းဒုက္ခမျိုးစုံကို ရင်ဆိုင်လာရပေးအုံးမည်ဟု မိမိတို့ အဖွဲ့ချုပ်မှ အလေးအနက်သုံးသပ်မိပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံပြည်သူများအနေဖြင့်  မိမိတို့ပြည်သူတရပ်လုံး၏ ဘ၀လုံခြုံမှုနှင့် စစ်မှန်သော ငြိမ်းချမ်းရေးကို ဖေါ်ဆောင်ပေးနိုင်မည် မဟုတ်သည့် နအဖမှစနစ်တကျ ပြင်ဆင်နေသော ၂၀၁၀ ရွေးကောက်ပွဲကို နည်းမျိုးစုံဖြင့် ပြတ်ပြတ်သားသား ဆန့်ကျင်ကန့်ကွက်ကြပါရန် ပြည်တွင်းပြည်ပ ပြည်သူလူထုတရပ်လုံးအား တိုက်တွန်းနိုး ဆော်လိုက်ပါသည်။

ထို့အပြင် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှလည်းကောင်း၊ အခြားသော  မြန်မာ နိုင်ငံဒီမိုကရေစီရေး အားပေးထောက်ခံသူ နိုင်ငံတကာအဝန်းအဝိုင်းမှလည်းကောင်း မြန်မာနိုင်ငံတွင် စစ်မှန်သော ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရရှိရေးတို့အတွက် နအဖအစိုးရအား ဖိအားပေး တိုက်တွန်းလှုံ့ဆော်ပေးကြပါရန် မေတ္တာရပ်ခံတောင်းဆိုအပ်ပါသည်။

**ဆက်သွယ်ရန်**

စောစံငြိမ်းသူ    +၆၆ ၈၀ ၇၈၂ ၀၄၄၅ ထိုင်းနိုင်ငံ
လွေးမိုးခမ်း    +၆၆ ၈၃ ၃၃၀ ၂၃၀၄  ထိုင်းနိုင်ငံ
မသင်းသင်းအောင်    +၉၁ ၉၈၉၁ ၂၅၂၃၁၆ အိန္ဒိယနိုင်ငံ
စောမြရာဇာလင်း    +၈၈ ၁၇၃၂ ၆၄၉ ၀၀၇ ဘင်္ဂလားဒေ့ချ်နိုင်ငံ